အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၀ ခုနှစ်၊ မေလ (၁) ရက်

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်

## ကြေညာချက်အမှတ်-၁၀ / ၀၅ / ၁၀

## ကမ္ဘာ့အလုပ်သမားနေ့ ကြေညာစာတမ်း

ကမ္ဘာ့အလုပ်သမားနေ့ (မေဒေး)သည် ၁၈၉၀ ခုနှစ် မေလ (၁) ရက်နေ့မှစ၍ ကမ္ဘာအရပ်ရပ်တွင် ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။

ယင်းကဲ့သို့ ကမ္ဘာ့အလုပ်သမားနေ့ (မေဒေး) ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းမှာ ၁၈၈၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ အလုပ်သမားများ ကျေးကျွန်သဖွယ် အလုပ်ချိန် (၁၄) နာရီ လုပ်ခကြေးငွေအနည်းငယ်ဖြင့် နာမကျန်းဖြစ်မှုတို့ လုံးဝကူညီမှုမရှိသဖြင့် အလုပ်သမားများသည် သွေးမြေကျတိုက်ပွဲဝင်၍ တောင်းဆိုမှုတို့ကြောင့် အလုပ်ရှင်နှင့် အစိုးရက အလုပ်ချိန် (၈) နာရီနှင့် လုပ်အားခများနှင့် အခြားကူညီမှုများ တိုးတက်ရရှိခဲ့ကြခြင်းကြောင့် ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) သည်လည်း အထက်ဖော်ပြပါ ကမ္ဘာ့အလုပ်သမားနေ့ကို အကြောင်းပြု၍ နိုင်ငံပေါင်းချုပ်အသင်းကြီး ( League of Nation ) အလုပ်ရှင်၊ အလုပ်သမား ပြဿနာများ ဖြေရှင်းနိုင်ရန်အတွက် (၁)အစိုးရ၊ (၂)အလုပ်ရှင်၊ (၃)အလုပ်သမားအစုအဖွဲ့ ကိုယ်စားလှယ်များပါဝင်သော နိုင်ငံတကာအဖွဲ့အစည်းကြီးဖြစ်ပြီး အလုပ်သမားရေးရာပဋိညာဉ်များ ပြဋ္ဌာန်းချမှတ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ကုလသမဂ္ဂအဖွဲ့ချုပ်တွင်လည်း ဆက်လက်တည်ရှိခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) တွင်လည်းကောင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီစနစ်ကိုအခြေခံကာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်( ILO)၏ ပြဋ္ဌာန်းချက်များမှ အချက်(၁၉)ချက်ကို လက်ခံခဲ့ပြီး၊ ပါလီမန်တွင်အတည်ပြု၍ အလုပ်ရှင်နှင့် အလုပ်သမားအက်ဥပဒေများ ပြဋ္ဌာန်းကာ လွတ်လပ်သော အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ခဲ့ပါသည်၊ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများကိုလည်း အေးချမ်းချောမွေ့စွာ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်နိုင်ကြပါသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၌ တပ်မတော်က အာဏာသိမ်းမှုပေါ်ပေါက်လာပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရုံတွင်မက အလုပ်သမားများအတွက်ပြဋ္ဌာန်းထားသော အက်ဥပဒေများကို အသက်မဝင်နိုင်အောင် ၁၉၆၄ ခုနှစ်က ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ရရှိပြီးသား အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးခဲ့ရပါသည်။

ထို့အပြင် ၁၉၈၈ ခုနှစ်တွင်လည်း တပ်မတော်က နိုင်ငံတော်အာဏာကို ထပ်မံသိမ်းယူခဲ့ပြီး ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ ရုပ်သိမ်းခဲ့ပြီးနောက် အလုပ်သမားအခွင့်အရေးများ ပိုမိုဆိုးဝါးလာပါသည်။ အတင်းအဓမ္မလုပ်အားပေးများ၊ ပေါ်တာအထမ်းသမားများ၊ ကလေးစစ်သားများ တစ်နိုင်ငံလုံး အနှံ့အပြားအဆွဲခံနေကြရပြီး စက်ရုံ၊ အလုပ်ရုံ အလုပ်သမားအခွင့်အရေးများလည်း နစ်နာဆုံးရှုံးကြရပါသည်။

သို့ပါသဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) မှ မြန်မာနိုင်ငံသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့များ (၂)ကြိမ်မျှလာရောက်ကြပြီး အာဏာပိုင်များက အဓမ္မလုပ်အားပေးစေခိုင်းမှုများ အမှန်တကယ်ရှိမှုကြောင့် ၁၉၉၈ ခုနှစ် မှစ၍ နှစ်စဉ် ဂျီနီဗာမြို့တွင်ကျင်းပသော (ILO) အဖွဲ့ချုပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ အဓမ္မ လုပ်အားပေးစေခိုင်းနေခြင်းကိုစွပ်စွဲဆိုင်းရန် ဟောင်းဆိုဆုံးဖြတ်ခဲ့ကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းခြင်းမရှိကြောင်း ငြင်းဆိုခဲ့ပါသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့မှ မြန်မာနိုင်ငံတွင် အလုပ်သမားကိစ္စ လေ့လာအရေးယူဆောင်ရွက်ရန်အတွက် (ILO) ဆက်သွယ်ရေးရုံးခွဲထားရှိရန်ဆုံးဖြတ်၍ ၂၀၀၂ ခုနှစ် မေလမှစ၍ ရုံးခွဲဖွင့်လှစ်ထားရှိခဲ့ပါသည်။ ယင်း (ILO) ဆက်သွယ်ရေးရုံးခွဲမှ တာဝန်ရှိသူများ ကလည်း မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့် ကလေးစစ်သားများကိစ္စလေ့လာ၍ အရေးယူဆောင်ရွက် ခဲ့မှုများ ရှိခဲ့ပါသည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှစ်ပတ်လည်အစည်းအဝေး၌ မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးရခြင်းကိစ္စများ လုံးဝပပျောက်စေရန်အတွက် ဩဂုတ်လတွင် ကျင်းပမည့် (ILO) အုပ်ချုပ်ရေးအဖွဲ့မှ-

(၁) နိုင်ငံတကာရုံး (International Court of Justice)၌ တရားစွဲဆိုနိုင်ရန်လည်းကောင်း၊

(၂) ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရန်လည်းကောင်း၊

ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

သို့ရာတွင် ယင်းကဲ့သို့ (ILO) အဖွဲ့ချုပ်ကြီးက အတိအကျဆောင်ရွက်မည်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စိုးရိမ်ကြောင့်ကြမှုဖြင့် လွှဲရှောင်ပေးနိုင်ရန် (ILO) အဖွဲ့ချုပ် အုပ်ချုပ်ရေးယန္တရား၏ အရေးယ လုပ်ဆောင်ချက်များကို ထပ်လောင်းနားလည် လိုက်နာမည့်နားလည်မှု (supplementary understanding )အဖြစ် လက်မှတ်ရေးထိုးခဲ့သဖြင့် အဖွဲ့ချုပ်က အထက်ပါတရားစွဲဆိုရေးအစီအစဉ် ရွှေ့ဆိုင်းလိုက်လျောခဲ့ပါသည်။

ယင်းဖော်ပြပါ (ILO)နှင့် နားလည်မှုစာချွန်လွှာသည် တစ်နှစ်သက်တမ်းသာဖြစ်ပါသောကြောင့် (ILO) အဖွဲ့ချုပ် အုပ်ချုပ်ရေးဌာန ဒုတိယတာဝန်ခံ Mr. Kar Tapiola သည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့က မြန်မာနိုင်ငံသို့လာရောက်ပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်နှင့် ဆက်လက်၍ နောက်တစ်နှစ် သက်တမ်းတိုးကြောင်း လက်မှတ်ထိုးခဲ့ကြပါသည်။

(ILO) ကိုယ်စားလှယ် Mr. Kar Tapiola နှင့်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ် အမှုဆောင်အချို့နှင့်လည်း တွေ့ဆုံဆွေးနွေးကြပါသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အလုပ်သမားရေးဆိုင်ရာ အကြံပြုချက်များကို အောက်ပါအတိုင်း အကြံပေးခဲ့ပါသည်။

၁။ မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားရှိသော ရုံးခွဲဆက်လက်တည်ရှိနေရန် လိုအပ်ပါသည်၊ (အလုပ်သမားရေးရာများ ဆောင်ရွက်နိုင်ရန်အတွက်)

၂။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့အကြား အဓမ္မလုပ်အားပေးစေခိုင်းခြင်းအပေါ် နောက်ဆက်တွဲ ထပ်ဆင့်သဘောတူညီချက် အရ (က) တိုင်ကြားသော အဓမ္မလုပ်အားပေးစေခိုင်းမှုကိစ္စများကို ထိရောက်စွာအရေးယူဆောင်ရွက် ပေးရန်၊ (ခ) တိုင်ကြားသူမှာ ၎င်း၏ကိုယ်စားလှယ်များ အခြားဆက်နွှယ်သူများကို နည်းအမျိုးမျိုးဖြင့် တန်ပြန်အရေးယူနေသည့်ကိစ္စရပ်များအား ထိရောက်စွာ တားဆီးပေးရန်၊

၃။ Free Trade Union အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခွင့် ရရှိရေးဆောင်ရွက်ပေးရန်၊

၄။ သက်ဆိုင်ရာအာဏာပိုင်များတွင် လူထုအား အဓမ္မလုပ်အားပေးစေခိုင်းခွင့်မရှိကြောင်းနှင့် အဓမ္မလုပ်အားပေးစေခြင်းများရှိပါကလည်း လွတ်လပ်စွာတိုင်တန်းနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် လူထုသိရှိနိုင်ရန် ပညာပေးရေးလုပ်ငန်းများကို ( ILO ) က ဆောင်ရွက်သင့်ပါသည်။

၅။ ဤသို့ဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်း မြင်သာထင်သာရှိစေရေးအတွက် ရေဒီယို၊ TV၊ သတင်းစာ၊ ဂျာနယ် အစရှိသည့် Media များကိုအသုံးပြု၍ ဆောင်ရွက်သင့်ပါသည်။

ဟု ဖြစ်ပါသည်။

ယနေ့သည် မြန်မာနိုင်ငံတွင် အလွန်အရေးကြီးသော အချိန်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံလူတန်းစားများဖြစ်သော တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ ဆိုင်ရာအခွင့်အရေးများ တိတိကျကျဖော်ပြထားခြင်းမရှိပါ။ ယခင် ၁၉၄၇ နှင့် ၁၉၇၄ ခုနှစ်ကရှိခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လယ်သမား၊ အလုပ်သမားများဆိုင်ရာ အခွင့်အရေးများကို သိသာထင်ရှားစွာ ဖော်ပြထားပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းများကြီးမြင့်နေခြင်း၊ စက်ရုံအလုပ်ရုံအလုပ်သမားများ၊ အထွေထွေအလုပ်သမားများတို့သည် အလုပ်လုပ်ခကြေးငွေများ အလွန်ဆိုးဝါးစွာ ဆင်းရဲကျပ်တည်းနေမှုတို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဆန္ဒပြတောင်းဆိုနေကြပါသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားတွင်ရောက်ရှိနေကြသော မြန်မာနိုင်ငံသားအလုပ်သမားများမှာလည်း ဘဝအာမခံချက်မရှိ၊ အလုပ်ချိန် လုပ်အားခကြေးငွေများ မညီမျှခံစားကြရပြီး စိုးရိမ်ကြောင့်ကြနေကြရပါသည်။

ထို့ကြောင့် အောက်ခြေလုပ်သားများဖြစ်ကြသော တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ဘဝ သာယာမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်၍ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်တွင် အာဏာရယူထားသော အာဏာပိုင်အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် ( ILO ) တို့က အလုပ်သမားရေးရာကိစ္စရပ်များကို ရေတိုရေရှည်ကြည့်၍ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်အရှိဆုံးဖြစ်ပါကြောင်း ကြေညာလိုက်ပါသည်။

၂၉-၄-၁၀ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့